ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး

၈၀ ရက်မြောက်နေ့ အစီအစဉ်

[ ၂၃-၇-၂၀၁၅ ] (ကြာသပတေးနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၈၀ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဒေါ်ခင်သန်းမြင့်၊ ငပုတော မဲဆန္ဒနယ်၏ **ပညာရေးဝန်ထမ်းများ ရာထူးတိုးမြှင့်ခြင်းတွင် မြို့နယ်ပညာရေးမှူးများ၏ ရာထူးတိုးများ အတွက် ကန့်သတ်ချက်များ ရှိ၊မရှိ သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးသန့်ဇင်၊ ကြို့ပင်ကောက် မဲဆန္ဒနယ်၏ **ကြို့ပင်ကောက်မြို့နယ်၊ လယ်တီကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းခွဲကို အခြေခံပညာအထက်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါက်တာစိုးမိုးအောင်၊ ဘီးလင်း မဲဆန္ဒနယ်၏ **တိုင်းရင်းသားလူမျိုးများနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်မည့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဌာနများနှင့် စပ်လျဉ်းပြီး မည်သို့ စီမံဆောင်ရွက်ထားသည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးကျော်နိုင်၊ လောက်ကိုင် မဲဆန္ဒနယ်၏ **ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဦးရေကို တိုးချဲ့ဖွဲ့စည်းခွင့် ရှိ၊ မရှိနှင့် ပြည်ထောင်စုအစိုးရမှ ဦးရေမည်မျှထိ ဖွဲ့စည်းခွင့်ပြုနိုင်မည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

၆။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော **“ ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကြမ်း”** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၇။ သတ္တုတွင်းဝန်ကြီးဌာနက ပေးပို့သော **“ မြန်မာ့ပုလဲလုပ်ငန်း နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ”** နှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား တစ်ပိုဒ်ချင်းစီအလိုက်ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၈။ ပြည်ထဲရေးဝန်ကြီးဌာနက ပေးပို့သော **“ အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေများ ”** နှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက် အဆိုအား တစ်ပိုဒ်ချင်းစီအလိုက်ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၉။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၈၀ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၈၁ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။